
ဘာသာပြန် စာရေးဆရာ – ဉာဏ်လင်းထွန်း
အချိန်တားသခင်
(ဇောင်ယုချန်)
(Chapter 3663-3677)
စာစဉ် - ၂၄၂

အချိန်ခရီးသွားသခင်
ဘာသာပြန် - Rai
*

အခန်း - ၃၆၆၃
( ဟင်းလင်းပြင် မီးပြင်းဖို...)
*

" ငါ့ကို အင်ပါရီယာဖုန်းက ကောင်းကင် ခုံရုံးကို စေလွှတ်ခဲ့တာ..."

ဖောင်ယုချန်ကို မြင်လျှင် ဘလက်ကီက ...

" မင်းက ကောင်းကင် ခုံရုံးမှာ အခြေအနေကောင်းနေတာပဲ... ဘာလို့ အင်ပါရီယာဖုန်းက စိုးရိမ်နေတာလဲ မသိဘူး..."

" ငါကတော့ မင်းနဲ့ ရင်းနှီးတဲ့ ပတ်သက်မှု ရှိလို့ ငရဲပြည် အင်အားစုတွေ သတိမထားမိအောင် ကောင်းကင်ခုံရုံးထဲ ခိုးဝင်လာခဲ့ရတာ... မင်းက အေးဆေးနေနိုင်တာ ငါ တကယ် အံ့သြမိတယ်..."

ဖောင်ယုချန်က ထူးဆန်းသော မျက်ဝန်းများဖြင့် ကြည့်ကာ မျက်မှောင် ကြုပ်လိုက်မိသည်။

ငရဲပြည်တွင် ဘလက်ကီ အဖေ ဖြစ်သူက ကောင်းကင် သုတ်သင် ကြယ် အင်ပါယာ ဖြစ်သောကြောင့် မည်သူက သူ့ကို ထိရဲမည်နည်း။

ကောင်းကင်ခုံရုံးတွင်လည်း နဂါးသခင်နှင့် ကျွန်းသခင်တို့ အကာအကွယ် ရှိသောကြောင့် ဘလက်ကီအား တိုက်ခိုက်မည်ဆိုလျှင် နှစ်ကြိမ် ပြန်

စဉ်းစားဖို့ လိုအပ်ပေလိမ့်မည်။

ထို့အပြင် သူကိုယ်တိုင်က မဟာ နတ်ဘုရား ဖြစ်နေသေးသည် မဟုတ်လော။

ယခုလို သနားစရာကောင်းအောင် ပြောနေပုံကို ကြည့်လျှင် အကျိုးအမြတ် တစ်ခုခု လိုချင်နေမှန်း သိသာနေသည်။

ဇောင်ယုချန်က ဘလက်ကီအား နတ်ဘုရား နယ်မြေထဲ ဆွဲသွင်းပြီး...

" အင်ပါရီယာဖုန်းက ကောင်းကင်ခုံရုံးမှာ မင်းကို ဘာလုပ်ခိုင်းခဲ့တာလဲ..."

ဘလက်ကီက သက်ပြင်းချပြီး သူကောင်းကင်ခုံရုံးဆီ လာသည့် လမ်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအား စတင် ညည်းညူတော့သည်။

ဇောင်ယုချန်လည်း ဘာစကားမှ ပြောမနေတော့ဘဲ လေနတ်ဘုရားဂိုဏ်းခေါင်းဆောင်ထံမှ ရထားသော အစိမ်းရောင် ဝတ်ရုံအား ထုတ်ယူလိုက်သည်။

ထိုဝတ်ရုံအား ရှေးဟောင်း ပစ္စည်းများဖြင့် သန့်စင်ထားခြင်း ဖြစ်ပြီး ဝတ်ရုံအတွင်းပိုင်း၌ အကာအကွယ်၊ တိုက်ခိုက်နိုင်စွမ်းနှင့် ဖုံးကွယ်ခြင်း ရတနာများ ထည့်သွင်းထားသေးသည်။

လေနတ်ဘုရားဂိုဏ်း ခေါင်းဆောင် ပိုင်ဆိုင်ခဲ့သော ရတနာက တန်ဖိုး မဖြတ်နိုင်သော ရတနာများသာ ဖြစ်သောကြောင့် မဟာ နတ်ဘုရားများ မဆိုထားနှင့် အုပ်စိုးသူနတ်ဘုရားများကိုပင် ဆွဲဆောင်နိုင်စွမ်း ရှိသည်။

ထိုဝတ်ရုံအား မြင်လျှင် ဘလက်ကီ မျက်ဝန်းထဲ၌ အလင်းတစ်ချက် ဖြတ်ပြေးသွားပြီး ဝတ်ရုံအား လှမ်းယူဖို့ ကြိုးစားသည်။

သို့သော်ငြား ဇောင်ယုချန်က ဝတ်ရုံအား ဟင်းလင်းပြင်ထဲ၌ နတ်ဘုရား စည်းမျဉ်းများဖြင့် ချုပ်နှောင်ထားသောကြောင့် သူယူလို့ မရချေ။

ဇောင်ယုချန်က နတ်ဘုရား ဝတ်ရုံအား လက်ဖြင့် ထိကြည့်ရင်း...

" ဒီနတ်ဘုရား ဝတ်ရုံက ချီရှင်းတျန် အတွက် ပြင်ဆင်ထားတာ... မင်း လက်ရှိ ကျင့်ကြံခြင်း အဆင့်နဲ့ အသုံးမဝင်ဘူး..."

" မင်း ဘာပြောတာလဲ... မင်း စိတ်ထဲမှာ ငါက အဲ့ဒီ ကြောင်သူတော် လောက် အသုံးမဝင်ဘူးလို့ ထင်နေတာလား..." ဘလက်ကီက ဒေါသတ ကြီးဖြင့် ပြောသည်။

ဇောင်ယုချန်က...

" မင်းနဲ့ ငါ ရင်းနှီးတဲ့ ပတ်သက်မှု ရှိတာ အမှန်ပဲ... ဒါပေမဲ့ ချီရှင်းတျန်က ငါ့အတွက် ပိုအသုံးဝင်နေပြီ... အခုဆို ငါ့အတွက် သူတိုက်ခိုက်ပေးနေတုန်း ပဲ... "

" ငါ ကောင်းကင်ခုံရုံးကို လာဖို့ အတွက် ဘယ်လောက် စွန့်စားခဲ့ရလဲဆို တာ မင်းသိလား.. မင်း ရန်ဂူချွယ်နဲ့ အတူ သေသွားတာကို ကြားလို့ ငါ အ မြန်ဆုံး ထွက်လာခဲ့တာ... မင်းသာ တကယ် သေဆုံးသွားရင် ငါ ဂူချွယ် မိသားစု ကျင့်ကြံသူတွေ အားလုံးနဲ့ သေတဲ့ အထိ တိုက်ခိုက်ဖို့ စိတ်ပိုင်းဖြတ် ထားတယ်..."

ဘလက်ကီက အလွန် ဒေါသထွက်ပြီး ဝမ်းနည်းနေသော အမူအရာဖြင့်...

" အင်ပါရီယာဖုန်းက မင်းကို စိုးရိမ်လို့ အခြေအခြေ စစ်ဆေးဖို့ ငါ့ကို စေလွှတ်လိုက်တာ... ဒါပေမဲ့ အခုတော့ မလိုအပ်တော့ဘူး... မင်းက ကောင်းကောင်းမွန်မွန် အသက်ရှင်နေတဲ့ အပြင် အကြီးအကဲ နတ်ဘုရား တွေကိုတောင် ယှဉ်နိုင်စွမ်း ရှိနေပြီ..."

" ဒါနဲ့ အင်ပါရီယာဖုန်းကလည်း မင်းကို ကောင်းကင် နန်းတော်သခင် ထက် ပိုကာကွယ်ပေးနိုင်တာကို မမေ့နဲ့... ကံကြမ္မာ နတ်ဘုရား နန်းတော် ကို အမြန်ဆုံး ပြန်လာခဲ့... သူမ မင်းအတွက်ဆို ဘာမဆို ပေးနိုင်တယ်..."

ဇောင်ယုချန်က မျက်မှောင်ကြုပ်ကာ...

" အင်ပါရီယာဖုန်းက အဲ့လို ပြောလိုက်တာလား..."

ဘလက်ကီက စိတ်မရှည်တော့ဘဲ...

" အဲ့လိုပြောလိုက်တာပဲ... ကုန်ကုန် ပြောရမယ်ဆိုရင် အင်ပါရီယာဖုန်းက မင်းကို တကယ်ချစ်တဲ့ အပြင် မင်း သေဆုံးသွားရင်တောင် မင်းနေရာကို ဘယ်သူနဲ့မှ အစားထိုးမှာ မဟုတ်ဘူး... အခု ပေါလီ ပြန်နိုးထလာတဲ့ အပြင် အင်ပါယာလျှန်ရဲ့ အထောက်အထားကို အားလုံး သိသွားကြတော့ ကံကြမ္မာ နတ်ဘုရား နန်းတော် တစ်ခုလုံး မငြိမ်မသက် ဖြစ်နေတယ်... မင်းမှာ အရေးကြီးတဲ့ ကိစ္စတွေ မရှိတော့ဘူးဆိုရင် သူမဆီ ပြန်သွားပြီး ကူညီပေး သင့်တယ်..."

ဇောင်ယုချန်လည်း လေးနက်သော အမူအရာဖြင့် စဉ်းစားနေမိသည်။

သူက ငရဲပြည်နှင့် ကံကြမ္မာ နတ်ဘုရား နန်းတော် အကြောင်း သေချာ သိ ထားသည် မဟုတ်လော။

အကြောက်တရားတောင်တန်းသခင်က ချန်းရှုအား သန့်စင်ဖို့ အကြောက် တရား တောင်တန်း၌ ရှိနေဖို့ လိုအပ်သလို ကောင်းကင် အပြစ်ပေးသူက လည်း ပိုင်ယီတောင်ကြားမှ ထွက်သွားလို့ မရချေ။

ငရဲအုပ်စိုးသူ ပြည့်ရှင်မင်းကလည်း ပေါလီ၊ ဇက္ကရီ လျှန်ဟွား၊ အင်ပါ ယာလျှန်နှင့် လိန်ပိုင် တျန်ကျွင်းတို့အား တစ်ယောက်ထဲ ထိန်းထားနိုင်စွမ်း မရှိပေ။

ထိုကဲ့သို့ အခြေအနေတွင် ကောင်းကင်ခုံရုံးရှိ သူလျှိုများအား ဖယ်ရှားဖို့ ကောင်းကင် နန်းတော်သခင်က ဇောင်ယုချန်အား တမင် ဖိအားပေး ခေါ် ဆောင်ထားခြင်း ဖြစ်သည်။ ဇောင်ယုချန်သာ ငရဲပြည်၌ ဆက်ရှိနေမည်ဆို လျှင် အခြေအနေ တစ်မျိုး တစ်ဖုံ ပြောင်းလဲသွားနိုင်ပေသည်။

ရုတ်တရက် ဇောင်ယုချန်က ဘလက်ကီ ရင်ဘတ်အား ကြည့်ပြီး တစ်စုံတစ်ခုအား သတိထားမိသွားပုံဖြင့် လက်ဝါးဖြင့် ဖိလိုက်သည်။

"ဝှစ်..."

တောက်ပသော အလင်းတန်းများနှင့်အတူ အလင်းမှုန်များ ဖုံးလွှမ်းနေ သည့် အဆောင် တစ်ခု ထွက်ပေါ်လာ၏။

"ဒါ မင်းကို ရှီရှန်ကျွင်း ပေးထားတာလား..." ဇောင်ယုချန်က မေးသည်။

ဘလက်ကီက...

"ငါ ကောင်းကင်ခုံရုံးကို လာတဲ့ လမ်းမှာ သူ့ကို တွေ့ခဲ့တာ... သူသာ ငါ့ကို ဒီအဆောင် မပေးလိုက်ဘူးဆိုရင် ကောင်းကင်ခုံရုံးထဲ ဝင်လာနိုင်မှာ မဟုတ်ဘူး..."

"ဒါနဲ့ ရှီရှန်ကျွင်းကလည်း မင်းကို ပြောလိုက်သေးတယ်... မင်း ကတိပေး ထားတာကို မမေ့ဖို့ ပြောလိုက်တာ... မင်းသူနဲ့ ဘယ်လို အပေးအယူလုပ် ထားတာလဲ..."

ဇောင်ယုချန်က ရှီရှန်ကျွင်း အလျှင်လိုနေမှန်း သိပေသည်။ လက်ရှိ စကြာဝဠာထဲရှိ အဖြစ်အပျက်များကြောင့် ရှီရှန်ကျွင်း ပိုအားကောင်းဖို့ လိုအပ်နေသည် မဟုတ်ပါလား။

ရှီရှန်ကျွင်း လိုအပ်နေသည့် အရာက ဘိုးဘေး ဓားသခင် ချန်ထားခဲ့သည့် ဓားနှလုံးသားပင်။

ဧောင်ယုချန်က ဓားနှလုံးသားအား ယူပေးမည်ဟု ကတိပေးခဲ့သော်လည်း ပြိုင်ဘက်ကင်း အင်ပါယာမင်လို ကျင့်ကြံသူကပင် မြေအောက် အကျဉ်းထောင် ဆယ့်ရှစ်ထပ်သို့ မဝင်ဖို့ ဘိုးဘေး အမိန့် ထုတ်ပြန်ထားခဲ့သည်။

ယခုအချိန်က မြေအောက် အကျဉ်းထောင်သို့ သွားရမည့် အချိန် မဟုတ်ပေ။

ဧောင်ယုချန်က...

" ရှီရှန်ကျွင်းကို နောက်ထပ် နှစ်တစ်သောင်းလောက် စောင့်ဆိုင်းပေးဖို့ ပြောလိုက်... နှစ်တစ်သောင်းကြာပြီးရင် ငါ သူ့ကို ကျေနပ်လောက်တဲ့ အဖြေတစ်ခုပေးမယ်..."

ဘလက်ကီက...

" ရှီရှန်ကျွင်းက ဘာလို့ အလျင်လိုနေတာလဲ... သူ အဲ့လောက်ကြာတဲ့ အထိ စောင့်နိုင်မှာ မဟုတ်ဘူး... မင်း သူ့ကို ကတိပေးထားတဲ့ အတိုင်း မ လုပ်ပေးနိုင်ဘူးဆိုရင် သူကိုယ်တိုင် လာခဲ့မယ်လို့ ငါ့ကို ပြောတယ်... မင်း သူ့ကို ဘာပေးမယ်လို့ ပြောထားတာလဲ... အရေးမကြီးဘူးဆိုရင် ပေးလိုက်... အဲ့ဒီ အဖိုးကြီးက တကယ်ရောက်လာနိုင်တယ်ဆိုတာ ငါ သိနေတယ်..."

" အခု အင်အားစုတွေ အားလုံးက ကန်လန်ကမ္ဘာကို စောင့်ကြည့်နေကြတာ... အချို့က ကျွန်းသခင် ပြန်ကောင်းလာမှာကို မလိုလားကြဘူး.. အဲ့လို အခြေအနေမှာ ရှီရှန်ကျွင်း ဝင်ပါလာရင် အခြေအနေ ပိုဆိုးသွားလိမ့်မယ်..."

ဧောင်ယုချန်က စိတ်ထဲတွင် သေချာ စဉ်းစားပြီးနောက်...

" မင်း ငရဲပြည်ကို ပြန်ရောက်ရင် ငါ မြေအောက် အကျဉ်းထောင်ကို ခေါ် သွားပေးလို့ ရတယ်လို့ ရှီရှန်ကျွင်းကို ပြောလိုက်..."

ရှီရှန်ကျွင်းက ဓားအရင်းအမြစ်အား ရှာမတွေ့သောကြောင့် ဓားနှလုံးသားအား သန့်စင်ပြီး အဆင့် နှစ်ဆယ့်လေး ဓားတာအိုအား ချိုးဖြတ်ဖို့ ပြင်ဆင်ထားသည်။

ထို့ကြောင့် ဓားနှလုံးသားက သူ့အတွက် အလွန် အရေးပါပေသည်။

အရက်သမား အဖိုးကြီးနှင့် ကြယ်ပင်လယ် တံငါသည်တို့ကလည်း ဓားနတ်ဘုရား နန်းတော်ထဲ ဝင်သွားသောကြောင့် ဇောင်ယုချန် စိုးရိမ်နေရုံမှလွဲပြီး မတတ်နိုင်ပေ။ သူသာ ရှီရှန်ကျွင်းအား ဆွဲဆောင်နိုင်မည်ဆိုလျှင် သူတို့အား ပြန်ကယ်တင်လာနိုင်ဖို့ အခွင့်အရေး ရှိနေသေးသည်။

ဘလက်ကီက အံ့ဩသင့်သော အမူအရာဖြင့်...

" မင်း ဘာပြောတာလဲ... ငါက ငရဲပြည်ကို ပြန်ရမယ် ဟုတ်လား... ငါဒီကိုလာဖို့ ဘယ်လောက် ခက်ခဲခဲ့လည်း မင်းသိလား... ငါ ဦးလေးလောင်နဲ့ ဆရာ့ကိုလည်း မတွေ့ရသေးဘူး... အခု အရိုးတစ်ထောင် ဘုရင်မ အချိန်နတ်ဘုရား နန်းတော်မှာ ရှိလား.... ငါ သူ့ကို အရမ်း သတိရနေခဲ့တာ..."

ဇောင်ယုချန်က လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ အစိမ်းရောင် ဝတ်ရုံ ဘလက်ကီဆီ မျောလွင့်လာသည်။

ဘလက်ကီက ...

" ဒါက ချီရှင်းတျန် အတွက် ပြင်ဆင်ပေးထားတာ မဟုတ်ဘူးလား..."

" မဟာ နတ်ဘုရား ချီရှင်းတျန်အတွက် ရတနာတွေ မရှားပါးဘူး... နောက်ပြီး သူ ဘယ်လို အကျိုးအမြတ်တွေ ရထားလဲဆိုတာ ငါ မသိတဲ့ အပြင် လောင်ရီနဲ့လည်း လက်ထပ် ပြီးပြီ... မင်းက စကြဝဠာ နှစ်ခုကို

စွန့်စား သွားလာနေရတာမလား... ဒါက မင်း ရသင့်တဲ့ အရာပဲ..." ဓောင်ယုချွန်က ပြောသည်။

ဘလက်ကီက ဓောင်ယုချွန် စကားများအား လျစ်လျူရှုထားပြီး အစိမ်းရောင် နတ်ဘုရား ဝတ်ရုံကိုသာ အာရုံစိုက်ထားသည်။

" ငါက အခြား ကိစ္စတွေကို စိတ်မဝင်စားဘူး... ဒါပေမဲ့ မင်း ဒီလို လုပ်နေတာက အကျိုးရှိတာ သေချာလို့လား..."

ဓောင်ယုချွန်က...

" ငါ မင်းကို ဒီလို ရတနာ အလကားပေးမယ်လို့ ထင်နေတာလား... မင်း ရှီရှန်ကျွင်းနဲ့ တွေ့ရင် ဟင်းလင်းပြင် မီးပြင်းဖိုကို ငှားလာခဲ့... အဲ့တာက ငါ့အတွက် အရေးကြီးတယ်..."

ဓောင်ယုချွန်က ဟင်းလင်းပြင် မီးပြင်းဖို ပိုင်ဆိုင်ထားမှသာ ပျံလွှား သီကျူးတောင်ထိပ်ရှိ ဟင်းလင်းပြင် နတ်ဘုရား နန်းတော် လျှို့ဝှက်ချက်အား ထုတ်ဖော်နိုင်ပေလိမ့်မည်။

" ဒီလို ကိစ္စကို ငါ ဘယ်လိုလုပ် အလွယ်တကူ ကိုင်တွယ်နိုင်မှာလဲ... ရှီရှန်ကျွင်းက အရမ်း ညဏ်များတယ်... ဘယ်လိုလုပ် အဲ့လို ရတနာမျိုးကို အလွယ်တကူ ထုတ်ပေးမှာလဲ..."

" ဒါဆိုရင်လည်း နောက်တစ်ခု ထပ်ပြောလိုက်..." ဓောင်ယုချွန်က အသံတိုးတိုးဖြင့် ပြောသည်။

ဘလက်ကီက နားထောင်ပြီးနောက်...

"ခရမ်း နှလုံးသား ပါရဂွန် ဆေးမြစ်ဆိုတာက ဘာလဲ..."

" မင်း ငါ ပြောတဲ့ အတိုင်းသာ ပြောလိုက်... သူဘယ်လိုမှ ငြင်းနိုင်မှာ မဟုတ်ဘူး..." ဓောင်ယုချွန်က ပြောသည်။

ဘလက်ကီက ...

" မင်း ငါ့အတွက် မစိုးရိမ်နဲ့... ငါက မဟာ နတ်ဘုရား ဖြစ်နေပြီ... သူတို့နဲ့ အေးဆေး စကားပြောနိုင်တယ်... ဒါပေမဲ့ မင်း ဟင်းလင်းပြင် မီးပြင်းဖို ကို တကယ် လိုအပ်နေတာ သေချာလား..."

ဓောင်ယုချန်က ခပ်ဖွဖွ ပြုံးပြီး...

" မင်း ဒီနတ်ဘုရား ဝတ်ရုံကို လိုချင်တယ်မလား..."

ထို့နောက် ဓောင်ယုချန်က စုတ်တံ၊ စာရွက်နှင့် မှင်အိုး ထုတ်ယူကာ စာတစ်စောင် ရေးသားခဲ့သည်။

ဘလက်ကီက စာထဲရှိ အကြောင်းအရာအား ကြည့်ဖို့ ကြိုးစားသော်လည်း ဓောင်ယုချန်က ...

" မင်း မသိသင့်တဲ့ ကိစ္စတွေကို မသိချင်နဲ့..."

ဓောင်ယုချန်က စာရေးပြီးနောက် ချိတ်ပိတ်ကာ ဘလက်ကီအား ပေးရင်း....

" ဒီစာကို ပိုင်ယီတောင်ကြားကို ပို့လိုက်... ဒါပေမဲ့ ကောင်းကင်အပြစ်ပေးသူ လက်ထဲ မင်းကိုယ်တိုင် ပေးဖို့ မမေ့နဲ့..."

" မင်းဆီက နတ်ဘုရား ဝတ်ရုံ တစ်ခုရဖို့ တကယ် မလွယ်တာပဲ..."

ဘလက်ကီက ပြောရင်း ဓောင်ယုချန် ပေးထားသည့် စာအား ဖွင့်ကြည့်ဖို့ ပြင်သည်။

" မင်း စာကို ဖွင့်ဖတ်လိုက်မယ်ဆိုရင် အထဲက စာတွေ အားလုံး ပျက်ပြယ်သွားလိမ့်မယ်... ငါ မင်းကို စိတ်ချလို့ ပေးလိုက်တာ... မဟုတ်ရင် နောက်ဆက်တွဲ အကျိုးဆက်တွေ ပိုပြင်းထန်လာလိမ့်မယ်... မင်း မြန်မြန် ပြန်လာခဲ့...." ဓောင်ယုချန်က ပြောသည်။

" ငါ နားလည်ပြီ..."

ဘလက်ကီက ပေးထားသည့် စာအား သိမ်းဆည်းလိုက်ပြီး အချိန် နတ်ဘုရား နန်းတော် အပြင်ဘက်သို့ ထွက်ခွာသွားသည်။

ဇောင်ယုချန်က ဘလက်ကီ နောက်ကျောအား ကြည့်ရင်း...

" မင်း လမ်းမှာ သတိထားဦး... အန္တရာယ်နဲ့ ရင်ဆိုင်ရရင် မင်း အသက်ရှင်ဖို့ကိုပဲ ဂရုစိုက်... မင်း ပြန်လာတာကို ငါ အရိုးတစ်ထောင် ဘုရင်မနဲ့ အတူ စောင့်နေမယ်..."

ထိုစကားကြားလျှင် ဘလက်ကီ အနည်းငယ် ရပ်တန့်လိုက်ပြီး ကျေနပ်နေသော အမူအရာဖြင့် ခပ်ဖွဖွ ပြုံးကာ ထွက်ခွာသွား၏။

End – 3663

***